# ကုန်းဘောင်ခေတ်
# အမိန့်တော်ပြန်တမ်းစကားပြေအရေးအသား

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မောင်ဇော်နိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် " ကုန်းဘောင်ခေတ် အမိန့်တော်ပြန်တမ်း စကားပြေအရေးအသား " ခေါင်းစဉ်ဖြင့် ရေးသားပြုစုထားသော ပါရဂူဘွဲ့ ယူကျမ်း ဖြစ်ပါသည်။ အလေ့အလာနည်းပါးသော စကားပြေ အမျိုးအစား တစ်ရပ်၏ တန်ဖိုးကို အာရုံပြုမိပြီး စကားပြေလေ့လာမှုနယ်ပယ်တွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤကျမ်းကိုရေးသားခြင်းဖြစ်ပါသည်။ ပဒေသရာဇ်ခေတ်တစ်လျှောက် ထုတ်ပြန်ခဲ့သော အမိန့်တော်များမှ ကုန်းဘောင်ခေတ် အမိန့်တော်ပြန်တမ်းများကို သီးသီးသန့်သန့်ပြု လေ့လာထားပါသည်။ ကျမ်းတွင် ကုန်းဘောင်ခေတ် အမိန့်တော်ပြန်တမ်းများမှ စကားပြေအရေးအသား၊ ထီးနန်းဝန်းကျင်မှ လွှတ်တော်သုံးစာပေ အရေးအသားများကို စကားပြေကောင်းတစ်ခု၏ စံချိန်စံနှုန်းများနှင့် ချိန်ထိုးလေ့လာ ဖော်ထုတ်ထားပါသည်။ အမိန့်တော်ပြန်တမ်းစကားပြေတွင် အတိတ်ခေတ် မြန်မာလူမျိုးတို့၏ နိုင်ငံတော်အုပ်ချုပ်ရေး လုပ်ငန်းစနစ်များကို အသေးစိတ်ဖော်ပြထားသည်။ စစ်ရေးအခြေအနေနှင့် ရှေးခေတ်မြန်မာ့တပ်မတော်၏ စွမ်းရည်များကို လေးစားဂုဏ်ယူဖွယ်ရာ တွေ့မြင်ရသည်။ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရား ရှိသေကိုင်းရှိုင်းမှု၊ ဓလေ့ထုံးစံ၊ တရားစီရင်ရေး၊ စီးပွားရေး၊ သံတမန်ဆက်ဆံရေး စသည်ဖြင့် အကြောင်းအရာမျိုးစုံကို သိမြင်တွေ့ရှိလာရသည်။ ထို အကြောင်းအရာမျိုးစုံကို အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေစွာ အမိန့်တော်ပြန်တမ်းများ ရေးသားထုတ်ပြန် ဆောင်ရွက်လေ့ရှိခြင်းနှင့် မြန်မာ့ထီးသုံးနန်းသုံး ဘာသာစကားကို ကျွမ်းကျင်စွာ၊ တိကျစွာ၊ ပိုင်နိုင်စွာ အသုံးပြု ရေးသားလေ့ရှိကြောင်း လေ့လာထားပါသည်။ အမိန့်တော်ပြန်တမ်း စကားပြေကို လေ့လာရခြင်းဖြင့် အတိတ်ခေတ် မြန်မာလူမျိုးတို့၏ နိုင်ငံတော်အုပ်ချုပ်ရေးနှင့် သက်ဆိုင်သော နည်းလမ်းစည်းကမ်းများကို သိမြင်လာနိုင်ခြင်းနှင့် ရှေးခေတ်မြန်မာစကားပြေ၏ အခြေအနေ အဆင့်အတန်းကို လေ့လာသိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးတို့ကို ရရှိနိုင်ပါသည်။